Chin National Front
General Headquarters
Chinland

www.chinland.org

# ချင်းအမျိုးသားတပ်ဦးနှင့် ချင်းပြည်နယ်အစိုးရတို့ အကြား ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း ထာဝရငြိမ်းချမ်းမှုဖော်ဆောင်နိုင်ရေးပဏာမသဘောတူညီချက် လက်မှတ်ရေးထိုးရခြင်းနှင့် ပါတ်သက်၍ ချင်းအမျိုးသားတပ်ဦးမှ ပြည်သူများထံသို့ ရှင်းလင်းတင်ပြချက်

ချင်းအမျိုးသားတပ်ဦးနှင့် ချင်းပြည်နယ်အစိုးရတို့အကြား အချက် (၉) ချက်ပါ အပစ်အခတ်ရပ်စဲရေး သဘော တူညီချက်ကို၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းနှင့် ဦးဝင်းထွန်း၊ ပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းနှင့် အကျိုးဆောင်အဖွဲ့များရှေ့တွင် ၂၀၁၂ခုနှစ်၊ ဇန်နဝါရီလ (၆) ရက်နေ့၌ လက်မှတ်ရေးထိုးခဲ့ကြသည်။ ဤသို့ လက်မှတ်ရေးထိုးရခြင်းနှင့်ပါတ်သက်၍ ချင်းအမျိုးသားတပ်ဦး၏ မူဝါဒ၊ သဘောထားများကို ပြည်သူအားလုံးကနားလည်ပြီး၊ စစ်ရေးအပါအဝင်၊ ရန်လိုမှု၊ တိုက်ခိုက်မှုများကို နှစ်ဦးနှစ်ဖက်မှရပ်ဆိုင်းရန် သဘောတူချက် လက်မှတ်ရေးထိုးပြီးသည့်နောက်ပိုင်း၊ ဆက်လက်လုပ်ဆောင်ရန် ကျန်ရှိနေသည့် အမျိုးသားရေးတာဝန်များကို အုပ်တချပ်သဲတပွင့်ပမာ ကျရာအခန်းကဏ္ဍမှ ထမ်းဆောင်နိုင်ရေးအတွက် ဤရှင်းလင်းချက်ကို ထုတ်ပြန် လိုက်ရခြင်းဖြစ်သည်။

၁၉၈၈ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သည့် ချင်းအမျိုးသားတပ်ဦးသည် ချင်းအမျိုးသားများ ကိုယ်ပိုင် ပြဌာန်းခွင့်ပြန်လည်ရရှိရေး၊ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးနှင့် ဒီမိုကရေစီစနစ် ထွန်းကားရေးတို့အတွက် အနနည်းဖြင့် အဖြေရှာမရသည့်အဆုံး အမျိုးသားလက်နက်ကိုင် တော်လှန်ရေးလမ်းစဉ်ကို နှစ်ပေါင်း ၂၃ နှစ် ကြာဆင်နွှဲလာခဲ့သည့် တော်လှန်ရေးအဖွဲ့တခုဖြစ်သည်။

၁၉၉၃ခုနှစ်တွင်ကျင်းပသော ချင်းအမျိုးသားတပ်ဦး၏ ပထမအကြိမ်ပါတီညီလာခံ ဆုံးဖြတ်ချက်အရ၊ စစ်မှန်သော ပြည်ထောင်စုတည်ဆောက်ရေး၊ တိုင်းရင်းသားလူမျိုးစုများ၏ တန်းတူအခွင့်အရေးနှင့် ဒီမိုကရေစီ ဆိတ်သုဉ်းမှုစသည့်မြန်မာနိုင်ငံ၏ နိုင်ငံရေးပြဿနာရပ်များအား စစ်ရေးအရအဖြေမရှာပဲ၊ နိုင်ငံရေးနည်းအရ ငြိမ်းချမ်းစွာ ဖြေရှင်းရန် ဆုံးဖြတ်ချက်ချမှတ်ခဲ့ကြသည်။ အဆိုပါ ပါတီညီလာခံ ဆုံးဖြတ်ချက်နှင့်အညီ၊ ချင်းအမျိုးသားတပ်ဦးသည် ယခင်စစ်အစိုးရများနှင့်ဖြစ်စေ၊ လက်ရှိသမ္မတ ဦးသိန်းစိန်အစိုးရနှင့်ဖြစ်စေ၊ ပြည်ထောင်စုမြန်မာနိုင်ငံ၏ နိုင်ငံရေးပြဿနာများကို ငြိမ်းချမ်းစွာ အဖြေရှာနိုင်ရေးအတွက် တစိုက်မတ်မတ်ကြိုးပမ်း ဆောင်ရွက်ခဲ့သည်။

Chin National Front – General Headquarters, Chinland

၁၉၉၄ ခုနှစ်တွင် နဝတ စစ်အစိုးရသည် ချင်းအမျိုးသားတပ်ဦးနှင့်အပစ်အခတ်ရပ်စဲရေးအတွက် ဆွေးနွေးမှုများပြုလုပ်ရန် ကမ်းလှမ်းမှုများပြုလုပ်လာခဲ့ရာမှ ခရစ်ယာန်ဓမ္မဆရာများ အများစု ပါဝင်သော ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့မှတဆင့် ၁၉၉၆ ခုနှစ်၊ ၁၉၉၇ ခုနှစ်များတွင်ငှင်း၊ နအဖ စစ်အစိုးရနှင့် ၂၀၀၀ ခုနှစ်၊ ၂၀၀၃ ခုနှစ်၊ ၂၀၀၇ ခုနှစ် များတွင်ငှင်း တွေ့ဆုံဆွေးနွေးရေးပြုလုပ်ရန် အကြိမ်ကြိမ် ကြိုးပမ်းခဲ့ကြသည်။သို့သော် "လက်နက်နှင့် ငြိမ်းချမ်းရေးလဲ့လှယ်ရန်" ဆိုသည့် ကြိုတင်ကန့်သတ်ဘောင်ခတ်ထားသော အခြေအနေအောက်တွင်သာ စစ်အစိုးရအဆက်ဆက်မှ ကမ်းလှမ်းမှုပြုလုပ်လာသဖြင့် လက်တွေ့တွင်တွေ့ဆုံဆွေးနွေးမှု မပြုလုပ် နိုင်ခဲ့ပေ။

## ၂၀၁၇ ငြိမ်းချမ်းရေးဆွေးနွေးမှုနှင့် ချင်းအမျိုးသားတပ်ဦး၏ သဘောထား

၂၀၁၇ ခုနှစ်၊မတ်လ ၁၅ - ၁၆ ရက်နေ့များတွင် ဒေါက်တာရွှေခါး(ရ်) ဦးဆောင်သည့် ချင်းအမျိုးသား တပ်ဦး ကိုယ်စားလှယ်များနှင့် ဗိုလ်မှူးကြီး မင်းထင်ဦးဆောင်သည့် စစ်အစိုးရ ကိုယ်စားလှယ်များ ချင်းပြည်နယ်၊ ရိစခန်းတွင် ငြိမ်းချမ်းရေးဆွေးနွေးမှုကို ပြုလုပ်ခဲ့ကြသည်။ သဘောတူညီချက်တစုံတရာ လက်မှတ်ရေးထိုးခြင်းမရှိသော်လည်း ဆက်လက်ပြီးတွေ့ဆုံဆွေးနွေးခြင်းများ ပြုလုပ်ရန်နှုတ်အားဖြင့် သဘောတူခဲ့ကြသည်။

သို့ရာတွင် စစ်အစိုးရအနေဖြင့် ၂၀၁၃ ခုနှစ် မှစ၍ နိုင်ငံရေးလမ်းပြမြေပုံအား အဆင့်ဆင့် အကောင် အထည်ဖေါ်ဆောင်နေခြင်းကြောင့် ဆက်လက်တွေ့ဆုံခြင်း မပြုလုပ်နိုင်ခဲ့ပေ။ သို့သော် ချင်းအမျိုးသား တပ်ဦးသည် ၁၉၉၃ ခုနှစ် ပါတီညီလာခံမှချမှတ်သည့် မူဝါဒလမ်းစဉ်အတိုင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံ၏ နိုင်ငံရေးပြဿနာများအား ငြိမ်းချမ်းစွာဖြေရှင်းရေးကို တစိုက်မတ်မတ် စွဲကိုင်ထားမြဲ ဖြစ်သည်။

## အမျိုးသားညီလာခံနှင့် ၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ

ချင်းအမျိုးသားတပ်ဦးသည် ယခင်စစ်အစိုးရက အများပြည်သူဆန္ဒမပါပဲ၊ ၎င်းတို့စိတ်ကြိုက်ရွေးချယ် ထားသည့်ပုဂ္ဂိုလ်များဖြင့်ပြုလုပ်သည့် အမျိုးသားညီလာခံနှင့် အဆိုပါညီလာခံမှထွက်လာမည့် ရလဒ်များအား တစိုက်မတ်မတ် ဆန့်ကျင်လာခဲ့သည်။ ယင်းအမျိုးသားညီလာခံကိုယ်စားလှယ်မှ ရေးဆွဲထားသည့် ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ (၂၀၀၈) မူကြမ်းသည် ပြည်သူလူထု၏ သဘောထား ဆန္ဒအမှန်အား ထင်ဟပ်ပေါ်လွင်ခြင်းမရှိသဖြင့်၊ ဆန့်ကျင်ကန့်ကွက်မဲပေးရန် စည်းရုံးလှုံ့ဆော်ခဲ့ကြသည်။ ချင်းပြည်နယ်အတွင်း မဲဆန္ဒမပေးရေး "VOTE NO" လှုံ့ဆော်မှု လုပ်ငန်းများအထူးအောင်မြင်ခဲ့သော်လည်း တပြည်လုံးအတိုင်းအတာတွင် ပြည်သူများ၏ ဒီမိုကရေစီကျင့်စဉ်များ၌ အတွေ့အကြုံနဲပါးခြင်း၊ ကြောက်စိတ် များလွန်ကဲခြင်းကြောင့် စစ်အစိုးရ၏လိုအင်ဆန္ဒအတိုင်း၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို အတည်ပြု နိုင်ခဲ့ကြသည်။

Chin National Front – General Headquarters, Chinland

## ၂၀၁၀ ရွေးကောက်ပွဲနှင့် ချင်းအမျိုးသားတပ်ဦး၏ သဘောထား

ချင်းအမျိုးသားတပ်ဦးသည် ၂၀၀၉ခုနှစ်၊ ဒီဇင်ဘာလ တွင် စတုတ္ထအကြိမ်ပါတီညီလာခံအား ကျင်းပပြီး၊ ယင်းညီလာခံမှ ၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ကျင်းပပြုလုပ်မည့် ၂၀၁၀ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်လိုသည့်ပါတီများ၊ တသီးပုဂ္ဂလများအား အားပေးထောက်ခံကြောင်း ဆုံးဖြတ်ခဲ့သည်။ ထိုသို့ ဆုံးဖြတ်ရာတွင် ချင်းအမျိုးသားတပ်ဦးအနေဖြင့် ၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအား ထောက်ခံခြင်း မဟုတ်ဘဲ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်းသည် တသီးပုဂ္ဂလအခွင့်အရေးဖြစ်ကြောင်းကို လက်ခံသောကြောင့်သော်၎င်း၊ ၁၉၆၂ ခုနှစ်မှစပြီး ဆိတ်သုဉ်းခဲ့သည့် ဒီမိုကရေစီကျင့်ထုံးစဉ်လာများ ပြန်လည်ထွန်းကားရေး၊ လွှတ်တော်ကျင့်ထုံး စဉ်လာများ ပြန်လည်ထွန်းကားရေးအတွက်သော် လည်းကောင်း ရည်ရွယ်အားပေးခြင်းဖြစ်သည်။

## သမ္မတ ဦးသိန်းစိန်အစိုးရ၊ ပြည်ထောင်စုလွှတ်တော်နှင့် ပြည်တွင်းငြိမ်းချမ်းရေး ကြိုးပမ်းမှုများ

၂၀၁၀ခုနှစ် မတ်လ ၃၀ တွင်သမ္မတဦးသိန်းစိန်က ပြည်ထောင်စုလွှတ်တော်တွင် မိန့်ခွန်းပြောကြားရာ၌ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အလေးပေးပြောကြားခဲ့သည်။ ၎င်းအပြင်၂၀၁၀ အခြေခံ ဥပဒေအရ ဖွဲ့စည်းလိုက်သည့် လွှတ်တော်မှတဆင့် “တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းမှု ဖော်ဆောင်ရေး ကော်မတီ” ကို ဖွဲ့စည်းကာ ပြည်တွင်းငြိမ်းချမ်းရေးနှင့် တိုင်းရင်းသားများအရေးကို အလေးပေးကိုင်တွယ်ရန် တာဝန်ပေးအပ်လာသည်။ ထိုမှတဆင့် သမ္မတဦးသိန်းစိန်က ပြည်ထောင်စု ရထားပို့ဆောင်ရေးဝန်ကြီး ဦးအောင်မင်း ဦးဆောင်သည့် “ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး ဆွေးရေးအဖွဲ့” ကိုဖွဲ့စည်းကာ တိုင်းရင်းသား လက်နက် ကိုင်အဖွဲ့အစည်းများနှင့် အပစ်အခတ်ရပ်စဲ၍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ဆောင်ရန်နှင့် အနာဂတ်တွင် ပင်လုံကဲ့သို့သောညီလာခံအား နေပြည်တော်တွင် ကျင်းပကာ၊ ပြည်ထောင်စုပြဿနာရပ်များအားဖြေရှင်းရန် ကြိုးပမ်း လုပ်ဆောင်လာခဲ့သည်။

၂၀၁၁ ခုနှစ် ဩဂုတ်လ (၁၈) ရက်နေ့တွင် မြန်မာအစိုးရမှ ကြေညာချက်အမှတ် ၁/၂၀၁၁ ထုတ်ပြန်ကာ ပြည်တွင်းငြိမ်းချမ်းရေးရရှိရေးအတွက် ပဏာမတွေ့ဆုံဆွေးနွေးရေးကို ပြည်နယ်အလိုက် ပြုလုပ်ရန် ကမ်းလှမ်းမှုများပြုလုပ်လာခဲ့သည်။ ဤကမ်းလှမ်းမှုများတွင် ရန်လိုတိုက်ခိုက်မှုများအား ရပ်ဆိုင်းရန်၊ ဆက်သွယ်ရေးရုံးများဖွင့်လှစ်ရန်၊ လွတ်လပ်စွာတပြည်လုံးသွားလာခွင့်ပြုရန်နှင့် ပြည်ထောင်စုအဆင့် နိုင်ငံရေးဆွေးနွေးမှုများပြုလုပ်ရန်တို့ပါဝင်သည်။ ဤသို့ကမ်းလှမ်းမှု၏ ရလဒ် အဖြစ် ၂၀၁၁ခုနှစ် စက်တင်ဘာလ (၆-၇) ရက်နေ့ များတွင် United Wa State Army ( UWSA) ၊ National Democratic Alliance Army (NDAA) တို့နှင့်၎င်း၊ ၂၀၁၁ ခုနှစ် နိုဝင်ဘာ လ (၃) ရက်နေ့ Democratic Karen Buddhist Army (DKBA) နှင့် ၎င်း၊ ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ (၂) ရက်နေ့တွင် Restoration Council of Shan State (RCSS/SSA) နှင့် ၎င်း အပစ်အခတ် ရပ်စဲရေးစာချုပ်များ ချုပ်ဆိုနိုင်ခဲ့ကြသည်။

## မြန်မာအစိုးရ၏ ငြိမ်းချမ်းရေးဆွေးနွေးရေးလုပ်ငန်းစဉ်

ချင်းအမျိုးသားတပ်ဦးသည် ပြည်ထောင်စုတခုလုံးတွင်ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးဖော်ဆောင်နိုင်ရေးအတွက် နိုင်ငံရေးအရတွေ့ဆုံဆွေးနွေးရန်လမ်းစပွင့်လာသည်ဟု ယူဆသဖြင့် ချင်းအမျိုးသားတပ်ဦး အနေဖြင့် သမ္မတဦးသိန်းစိန်မှ ငြိမ်းချမ်းမှုဖော်ဆောင်နိုင်ရေးအလို့ငှါ တာဝန်ပေးခြင်းခံရသည့် ပြည်ထောင်စု ရထားပို့ဆောင်ရေးဝန်ကြီး ဦးအောင်မင်းနှင့် ချင်းအမျိုးသားတပ်ဦး၏ စတုတ္တအကြိမ်ပါတီညီလာခံ သက် တမ်း ဥက္ကဌ Pu Zing Cung နှင့် တွဲဖက်အထွေထွေအတွင်းရေးမှူး ဒေါက်တာရွှေခါး(ရ်)တို့သည် ၂၀၁၁ ခုနှစ် နိုဝင်ဘာလ (၁၉) ရက်နေ့တွင် ထိုင်းနိုင်ငံ၊ နယ်စပ်တနေရာတွင် တွေ့ဆုံခဲ့ကြသည်။ အဆိုပါ တွေ့ဆုံမှုတွင် နှစ်ဖက်ရန်လိုတိုက်ခိုက်မှုများအား ရပ်ဆိုင်းရန်၊ ဆက်သွယ်ရေးရုံးများဖွင့်လှစ်ရန်၊ လွတ်လပ်စွာ တပြည်လုံးသွားလာခွင့်ပြုရန် နှင့် ပြည်ထောင်စုအဆင့် နိုင်ငံရေးဆွေးနွေးမှုများပြုလုပ်ရန် အစိုးရကိုယ်စားလှယ် ဦးအောင်မင်းမှ ကမ်းလှမ်းမှုများ ပြုလုပ်ခဲ့ပြီး ချင်းအမျိုးသားတပ်ဦးမှ အဆိုပါကမ်းလှမ်းမှုအားလက်ခံသည့် အပြင် ပြည်တွင်းပြည်ပရှိ ပြည်သူများ နှင့် လွတ်လပ်စွာတွေ့ ဆုံဆွေးနွေးခွင့်ပြုရန်၊ ပြည်တွင်း နိုင်ငံရေးပါတီများ၊ အပစ်အခတ်ရပ်စဲပြီး တိုင်းရင်းသား လက်နက်ကိုင်အင်အားစုများနှင့် လွတ်လပ်စွာ တွေ့ဆုံခွင့်ပေးရန်၊ မြန်မာ့နိုင်ငံရေးအရင်းခံပြဿနာသည် တိုင်းရင်းသားလူမျိုးစုများအရေး ဖြစ်သဖြင့်အစိုးရမှ “အမျိုးသားရေး လုပ်ငန်းစဉ်”တရပ်အဖြစ်အရေးကြီးဆုံး အခန်းကဏ္ဍ တွင် ထားရှိပေးရန် နှင့် သမ္မတမှ တိုင်းရင်းသားရေးရာ အကြံပေးပုဂ္ဂိုလ်များ အနီးကပ်ထားရှိရန်တို့ကို တင်ပြသည့်အပြင် ပြည်တွင်းငြိမ်းချမ်းရေးတည်ဆောက်နိုင်ရေးအလို့ငှါ သမ္မတမှတိုက်ရိုက်တာဝန်ပေးအပ်သည့် ငြိမ်းချမ်းရေးဖော်ဆောင်ရေး အဖွဲ့တခု ထားရှိရန်တို့ကို တင်ပြဆွေးနွေးခဲ့သည်။ ထို့အပြင်နှစ်ဖက်ကိုယ်စားလှယ်များမှ ပြည်နယ်အဆင့် တွေ့ဆုံဆွေးနွေးပွဲကို ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလပထမပတ်တွင် တရားဝင်ပြန်လည်တွေ့ဆုံကြရန် သဘောတူညီခဲ့ကြသည်။ ယင်းသို့တွေ့ဆုံ ဆွေး နွေးမှုဖြစ်ပေါ်လာနိုင်ရေးအတွက် ချင်းငြိမ်းချမ်းရေးအကျိုးတော်ဆောင်အဖွဲ့မှတဆင့် ပြည်နယ်အစိုးရနှင့် ညှိနှိုင်းမှုများပြုလုပ်ခဲ့ပြီး၂၀၁၁ခုနှစ်၊ ဒီဇင်ဘာလ (၁၂) ရက်နေ့တွင်တရားဝင်တွေ့ဆုံမည့်နေ့ရက်ကို ၂၀၁၂ ခုနှစ် ဇန်နဝါရီလ (၅-၆) ရက်နေ့ ကို သတ်မှတ်အတည်ပြုခဲ့ကြသည်။

## ဟါးခါးငြိမ်းချမ်းရေးဆွေးနွေးမှုနှင့် သဘောတူညီချက်လက်မှတ်ရေးထိုးခြင်း

ချင်းအမျိုးသားတပ်ဦးပါတီ၏ တာဝန်ပေးချက်အရ ဒေါက်တာ ရွှေခါး(ရ်) (အဖွဲ့ခေါင်းဆောင်)၊ ပူးအက်ချ်စီ ရာလ်နင်း (ဒုတိယအဖွဲ့ခေါင်းဆောင်)နှင့် အဖွဲ့ဝင်များဖြစ်ကြသည့် ဒေါက်တာ ဆလိုင်းငွန်ကျုံးလျန်၊ ဗိုလ်မှူးကြီး ဆော်လမွန်၊ ပူးရိုခေါမာ၊ ပူးထက်နီ၊ ပူးငိုင်ကြားထန်၊ ပူးလှထွန်း၊ ဆလိုင်းပီတာနှင့် အရာခံဗိုလ် ခင်မောင်လေး တို့သည် ချင်းအမျိုးသားတပ်ဦးဌာနချုပ်မှ ဟါးခါးမြို့သို့ ငြိမ်းချမ်းရေး အကျိုးဆောင်များနှင့်အတူ ဇန်န ဝါရီလ (၄) ရက် နေ့တွင် ရောက်ရှိလာကြသည်။ ဇန်နဝါရီလ (၅) ရက်နေ့တွင် ပြည်နယ်အဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ ဗိုလ်မှူးကြီး ဇော်မင်းဦး

Chin National Front – General Headquarters, Chinland

ဦးဆောင်သည့်အဖွဲ့နှင့် တနေကုန်ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြသော်လည်း ဆုံးဖြတ်ချက်တစုံတရာ ချမှတ်နိုင်ခြင်းမရှိပေ။ နောက်တနေ့တွင် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့မှ ပြည်ထောင်စုဝန်ကြီးများဖြစ်သည့် ဦးအောင်မင်း၊ ဦးဝင်းထွန်း၊ ချင်းပြည်နယ် ဝန်ကြီးချုပ်ဦးဟုန်းငိုင်းတို့ အပါအဝင် ပြည်နယ်အဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ချင်းအမျိုးသားတပ်ဦး ကိုယ်စားလှယ်များသည် လွပ်လပ်ပွင့်လင်းစွာ ဆွေးနွေးမှုများပြုလုပ်ပြီးနောက်၊အချက် (၉) ချက်ပါ ငြိမ်းချမ်း ရေးသဘောတူညီချက်အား နှစ်ဦးနှစ်ဖက်သဘောတူလက်မှတ် ရေးထိုးနိုင်ခဲ့ကြသည်။

## အချက် (၉) ချက်ပါ အပစ်အခတ်ရပ်စဲရေးစာချုပ် ချုပ်ဆိုပြီးနောက်ပိုင်း အခြေအနေ

ချင်းအမျိုးသားတပ်ဦးနှင့် ချင်းပြည်နယ်အစိုးရတို့အကြား အချက် (၉) ချက်ပါ ပဏာမ ငြိမ်းချမ်းရေး သဘောတူညီချက် မချုပ်ဆိုမှီနှင့် ချုပ်ဆိုပြီးနောက်ပိုင်း နိုင်ငံရေး၊ စစ်ရေး၊ လူမှုရေး၊ စီးပွားရေး အခြေအနေအရပ်ရပ် ပြောင်းလဲသွားသည်ကို အထူးနားလည်ရန်လိုအပ်ပေသည်။ ထိုသို့ ပြောင်းလဲ သွားသည့် အနေအထားများကို ချင်းအမျိုးသားများ၏ အကျိုးစီးပွားအောင်မြင်နိုင်ရေးနှင့် တန်းတူ ညီမျှမှုကိုအခြေခံသည့်ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ရေးတို့အတွက် အကျိုးရှိရှိအသုံးချနိုင်ရေးသည် အထူးအရေးကြီးသည်။ အချက် (၉) ချက်ပါ သဘောတူညီချက်များ အသီးသီးနောက်ကွယ်တွင်ပါရှိသည့် ရည်ရွယ်ချက်များ၊ ဦးတည်ချက်များကို လေ့လာဆန်းစစ်ရမည် ဆိုလျှင်၊

(၁) ဤသဘောတူညီချက်ရေးထိုးလိုက်သည့် အချိန်မှစပြီး ယခင်က နှစ်ဦးနှစ်ဖက် ရန်လို တိုက်ခိုက်မှုများ ပြုလုပ်နိုင်သည့်အနေအထားကို ရပ်ဆိုင်းကာ၊ လွပ်လပ်စွာဖြင့် ပြည်ထောင်စု အကျိုးစီးပွား၊ ချင်းအမျိုးသားများ ၏အကျိုးစီးပွား နှင့် အခြားတိုင်းရင်းသားများ၏ အကျိုးစီးပွားများကို အတူတကွလက်တွဲဆောင်ရွက်နိုင်ရန် လမ်းဖွင့်ပေးထားနိုင်ခြင်း ဖြစ်သည်။

(၂) သဘောတူညီချက် (၂) သည် လက်နက်များကို သတ်မှတ်နယ်မြေအတွင်း ကိုင်ဆောင်ထား ကြသည့် နှစ်ဦး နှစ်ဖက်စစ်တပ်များအကြားမလိုလားအပ်သည့် ပြဿနာများဖြစ်ပွားခြင်းကြောင့် ခက်ခက်ခဲခဲ သဘော တူထားခဲ့ သည့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်မပျက်စီးရန်နှင့် နှစ်ဦးနှစ်ဖက် ပူးပေါင်းလုပ်ဆောင်မှုများ ပြုလုပ်နိုင်ရန်အရေးပါသည့်မြို့(၃) မြို့တွင် ဆက်ဆံရေးရုံး(၃) ခုကို အမြန်ဆုံးဖွင့်လှစ်ရန်နှင့်၊ ချင်းအမျိုး သားတပ်မတော်သားများအား ချင်းပြည်မြောက်ပိုင်း၊ ချင်းပြည်အလယ်ပိုင်းနှင့် ချင်းပြည်တောင်ပိုင်းတို့တွင် သတ်မှတ်နေရာများ ချမှတ်ပေးထားနိုင်ခြင်း ဖြစ်သည်။

Chin National Front – General Headquarters, Chinland

(၃) သဘောတူညီချက် (၃) အရ ချင်းအမျိုးသားတပ်ဦး/တပ်မတော်သားများသည် ချင်းပြည်နယ်နှင့် ပြည်ထောင်စုတဝှမ်းတွင် လက်နက်ကိုင်ဆောင်ခြင်းမပြုပါက လွတ်လပ်စွာခရီးသွားလာခွင့် ပြုထားသည်။ ဤလွတ်လပ်စွာ ခရီးသွားလာခွင့်သည် သဘောတူညီချက်အမှတ် (၅) ပါ ချင်းပြည်သူများနှင့် လွတ်လပ်စွာ ဆွေးနွေးညှိနှိုင်းတိုင်ပင်မှုများ ပြုလုပ်နိုင်ရေးအတွက် မရှိမဖြစ်သော အချက်ဖြစ်သည့်အပြင်၊ ချင်းပြည်နယ် ဖွံ့ဖြိုးတိုးတက် ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ရေးအတွက် မရှိမဖြစ်လိုအပ်သည့်အချက်လည်းဖြစ်သည်။

(၄) သဘောတူညီချက်အမှတ် (၄) သည် အချက် (၈) ချက်ပါ သဘောတူညီချက်များအနက် အရေး အကြီးဆုံးသော အချက်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေအား ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းများ ပြုလုပ်နိုင်ရန်၊ အခြေခံမူများရှိထားရန်လိုအပ်သည်။ အခြေခံမူဘောင် သတ်မှတ်ထား ခြင်းမရှိပါက၊ ၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေများအား ပရမ်းပတာပြင်ဆင်ရန် လုပ်ဆောင်မှုများ ရှိလာနိုင်သဖြင့် မလိုလားအပ်သည့်ပြဿနာများ ဖြစ်ပေါ်လာနိုင်သည်။ သို့ဖြစ်၍ ချင်းအမျိုးသားတပ်ဦးသည် ပြည်နယ်အဆင့် ငြိမ်းချမ်းရေးမှ တပြည်လုံး အတိုင်းအတာဆောင်သည့် ငြိမ်းချမ်းရေးတည်ဆောက်နိုင်ရေးအလို့ငှာ အခြေခံဥပဒေအား ပြင်ဆင်ဖြည့်စွက်မှု အနာဂတ်တွင် ပြုလုပ်သည့်အခါ၊ ဒို့တာဝန်အရေးသုံးပါးအပြင်၊ ပြည်ထောင်စု အရေး၊ တိုင်းရင်းသားအရေးနှင့်ဒီမိုကရေးအရေးတို့ကိုအခြေခံလျှက် ပြည်ထောင်စုအဆင့်ဆွေးနွေး ခြင်းများကိုတဆင့်ပြီးတဆင့် ပြုလုပ်ရန် သဘောတူရခြင်းဖြစ်သည်။

(၅) ချင်းအမျိုးသားတပ်ဦးနှင့် ချင်းအမျိုးသားတပ်မတော်သားများသည် နှစ်ပေါင်း ၂၃ နှစ်လုံးလုံး ချင်းပြည်သူ ပြည်သားများနှင့် လွတ်လပ်စွာတွေ့ဆုံဆွေးနွေးညှိနှိုင်းခြင်းများ ပြုလုပ်ခွင့်မရှိခဲ့ပေ။ ဤကဲ့သို့ ပြည်သူများနှင့် လွတ်လပ်စွာ တွေ့ဆုံဆွေးနွေးညှိနှိုင်းခြင်းများမပြုနိုင်ခြင်းကြောင့် ချင်းအမျိုးသားတပ်ဦး၏ ပေါ်လစီများ၊ လုပ်ဆောင်ချက်များကို ပြည်သူအများအပြား နားလည် သဘောပေါက်နိုင်မှုမရှိသဖြင့် မလိုလားအပ်သည့် ပြဿနာများနှင့် ကြုံတွေ့ခဲ့ရသည်။ သို့ဖြစ်၍ အပစ် အခတ်ရပ်စဲခြင်းပြုပြီးနောက်ပိုင်း ချင်းအမျိုးသားအကျိုးစီးပွားအား မည်သို့ ကိုင်တွယ်လုပ်ဆောင်ရမည် ဆိုသည့် အချက်များအား ချင်းအမျိုးသားတပ်ဦးနှင့်ချင်းပြည်သူများအကြား လွတ်လပ်စွာ တွေ့ဆုံ ဆွေးနွေးညှိနှိုင်းခြင်းများ ပြုလုပ်ရန်သဘောတူရခြင်းဖြစ်သည်။

(၆) ချင်းအမျိုးသား ၇၀%ကျော်သည် “Under Poverty Line” တွင် ရှိနေကြသဖြင့် ဆင်းရဲမှုဒါဏ်ကို ဆိုးဝါးစွာ ခံစားနေကြသည့်လူမျိုးများဖြစ်သည်။ ထိုသို့သောအနေအထားမှ ကင်းလွတ်နိုင်ရေးအလို့ငှါ နိုင်ငံတကာ အကူအညီများဖြင့် အထိုက်အလျှောက် အကူအညီပေးနိုင်ရေးအတွက် ပြည်ထောင်စု အစိုးရ၊ ချင်းပြည်နယ်အစိုးရနှင့် ချင်းအမျိုးသားတပ်ဦးတို့ ပူးပေါင်းလုပ်ဆောင်ရန်သဘောတူရခြင်း ဖြစ်သည်။

Chin National Front – General Headquarters, Chinland

(၇) ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ ပြည်နယ်များနှင့် တိုင်းဒေသကြီးများအကြား အဆင်းရဲဆုံးသော ပြည်နယ်တခုဖြစ်သည့် ချင်းပြည်နယ်အား ဆင်းရဲမွဲတေမှုများမှ ကယ်ဆယ်နိုင်ရန် အထူးစီးပွားရေးဇုံ (Special Economic Zone) များဖွင့်လှစ်ကာ ခေတ်မှီတိုးတက်သည့် ပြည်နယ်တခုအဖြစ် ပြုလုပ်ရန် သဘောတူထားခြင်း ဖြစ်သည်။ ထိုသို့ ပြုလုပ်နိုင်ရန် ချင်းအမျိုးသားတပ်ဦးသည် မရှိမဖြစ်လုပ်ဆောင်ရမည့် ကဏ္ဍများအတွက် စီမံကိန်းစာတမ်း " Blue Prints" များ ပြင်ဆင်ရေးဆွဲခြင်းကို လုပ်ဆောင်နေပြီဖြစ်သည်။

(၈) ချင်းအမျိုးသားတပ်ဦးသည် ချင်းပြည်နယ်အစိုရနှင့် ချင်းပြည်နယ်တိုးတက်ရေး၊ ချင်းအမျိုးသားများ ဆင်းရဲမှုမှ လွတ်မြောက်ရေးတို့အတွက် အတူတကွပူးပေါင်းလုပ်ဆောင်ရန်နှင့် အထက်ဖေါ်ပြပါ စီမံကိန်းစာတမ်း "Blue Prints" များအား အကောင်အထည်ဖေါ်ဆောင်ရွက်နိုင်ရန် သဘောတူသည်။

(၉) ချင်းအမျိုးသားတပ်ဦးနှင့် ချင်းပြည်နယ်အစိုးရတို့သည် ချင်းပြည်နယ်မြောက်ပိုင်းတွင် ဖြစ်စေ၊ ချင်းပြည် နယ်တဝှမ်းဖြစ်စေ၊ လူ့ညွန့်တုံးစေမည့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးတွင် ပူးပေါင်းလုပ်ဆောင်ရန် သဘောတူသည်။ မူးယစ်ဆေးဝါးသာမက၊ မူးယစ်ဆေးဝါးနောက်ကွယ်ရှိ မတရားအသင်းအဖွဲ့များကိုပါ ပူးတွဲ နှိမ်နင်းရေးသည် ချင်းအမျိုးသားများ၏ အကျိုးစီးပွားဖြစ်သည်ဟု အလေးအနက်ယုံကြည်သဖြင့် ဤသဘော တူညီချက်များကို လက်မှတ်ရေးထိုးရခြင်းဖြစ်သည်။

သို့ဖြစ်၍ ချင်းအမျိုးသားတပ်ဦးအနေဖြင့် ချင်းပြည်နယ်၊ ပြည်နယ်အဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ပြည်ထောင်စုဝန်ကြီး နှစ်ဦးအပါအဝင် ချင်းပြည်နယ်ဝန်ကြီးချုပ်နှင့် ငြိမ်းချမ်းရေးအကျိုးတော်ဆောင်များရှေ့မှောက်တွင် အချက် (၉) ချက်ပါ သဘောတူညီချက်အား လက်မှတ်ရေးထိုးခြင်းသည်၊ အလင်းဝင်ခြင်း မဟုတ်၊ လက်နက်ချအညံ့ခံခြင်းမဟုတ်၊ အရှုံးပေးလက်မြောက်ခြင်းမဟုတ်။ ပြည်နယ်အဆင့်မှ ပြည်ထောင်စုအဆင့်အထိ၊ တန်းတူညီမျှမှုကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးတည်ဆောက်နိုင်ရေး ဦးတည်ရည်ရွယ်ချက်ဖြင့်လက်မှတ်ရေးထိုးခြင်းဖြစ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
ချင်းအမျိုးသားတပ်ဦး

၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ (၁၅) ရက်နေ့

Chin National Front – General Headquarters, Chinland